အလုပ်ခွင်မှာ တစ်စုံတစ်ခု မှားနေသည် သို့မဟုတ် သင်၏
ဗီဇာစည်းကမ်းချက်များကို မလိုက်နာနေသည်ဟု
ထင်မှတ်လျှင်၊ အောက်ပါတို့ကို လုပ်ပါ။

# အလုပ်ခွင်မှာ အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းကို တိုင်ကြားရမည့်ပုံ

Queensland Migrant WorkWise

**မြန်မာဘာသာစကား**

## ဤဗီဇာအကာအကွယ်များကို မည်သို့ရယူရမည်ကို မသေချာဘူးလား။

အလုပ်သမား သမဂ္ဂ၊ ဥပဒေရေးရာဌာန သို့မဟုတ် ရွှေ့ပြောင်းလာ နေထိုင်မှုဆိုင်ရာ ပံ့ပိုးကူညီပေးသည့် အဖွဲ့အစည်းထံ စုံစမ်းမေးမြန်းပါ။

Queensland Migrant WorkWise

QLDMIGRANTWORKWISE.COM

This material was developed with funding from the Australian Government

## ဗီဇာ အကာအကွယ်များ

ဩစတြေးလျားအစိုးရသည် အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ကြရသော ယာယီဗီဇာကိုင်ဆောင်ထားကြသူများအတွက် ကာကွယ်မှုအသစ်များကို ထုတ်ပြန်ခဲ့သည်။ ဤအကာအကွယ်များသည် ဗီဇာဖျက်သိမ်းခံရမည်ကို မစိုးရိမ်ရဘဲ အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းများကို တိုင်ကြားရာတွင် သင့်အား ထောက်ကူပေးရန် ပုံစံထုတ်ထားပါသည်။

Workplace Justice ဗီဇာသည် အချို့သော ယာယီဗီဇာ ကိုင်ဆောင်ထားသူများ သို့မဟုတ် မကြာသေးမီက ယာယီဗီဇာ ကိုင်ဆောင်ထားသူများ အလုပ်ခွင်တွင် မိမိတို့၏ အခွင့်အရေးများကို မတရားယူခံခဲ့ကြရပါက ၎င်းတို့အနေနှင့် တရားဥပဒေအရ အရေးယူနိုင်ရန် ဩစတြေးလျားတွင် နေထိုင်ခွင့်ပြုသည့် ယာယီဗီဇာဖြစ်သည်။

Strengthening Reporting Protections (SRP) (တိုင်ကြားရန် အားဖြည့်ပေးသည့် ကာကွယ်ပေး ဥပဒေများ) သည် ယာယီဗီဇာ ကိုင်ဆောင်သူကြများ အလုပ်ခွင်၌ အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းကို တိုင်ကြားကြပါက ၎င်းတို့၏ ဗီဇာဖျက်သိမ်း မခံရရန် ကာကွယ်ပေးသည့် ဗဟိုအစိုးရ၏ အစပျိုးမှုတစ်ရပ်ဖြစ်သည်။ ၎င်းသည် အလုပ်သမားများ မိမိတို့၏ ဗီဇာစည်းကမ်းသတ်မှတ်ချက်ကို ချိုးဖောက်ခဲ့လျှင်ပင် မိမိတို့အနေနှင့် မကြောက်မရွံ့ ရှေ့တိုး လုပ်ဆောင်နိုင်စေသည်။

### 1 သင်၏ လုပ်ဖော်ကိုင်ဖက်များနှင့် ပြောဆိုဆွေးနွေးပါ

သင်၏ အလုပ်ရှင်က သင့် လုပ်ဖော်ကိုင်ဖက်များအားလည်း အခွင့်အရေးများ မတရားယူနေသလားကို မေးမြန်းပါ။

### 2 မှတ်တမ်းများကို သိမ်းဆည်းထားပါ။

အောက်ပါတို့ကို ခြေရာကောက်ကြည့်ရန် မှတ်စုစာအုပ်ကို အသုံးပြုပါ

- အလုပ်လုပ်ခဲ့ချိန်ပေါင်း
- အဆိုင်း စတင်ချိန်/ပြီးဆုံးချိန်များ
- အနားယူချိန်များ
- လက်ခံရရှိ လုပ်ခ (ငွေသား သို့မဟုတ် အခြားပုံစံ)

### 3 စုံစမ်းစစ်ဆေးသူများနှင့် ပူးပေါင်းဆောင်ရွက်ပါ

အကယ်၍ Fair Work Ombudsman သို့မဟုတ် အလုပ်သမားသမဂ္ဂ ဝန်ထမ်းများ သင့်အလုပ်ခွင်သို့ လာရောက်ကြပါက ၎င်းတို့နှင့် ပူးပေါင်း ဆောင်ရွက်ပါ။ အကယ်၍ လိုအပ်လျှင် သင်၏ အလုပ်ခွင်ပြင်ပတွင် တွေ့ဆုံခိုင်းနိုင်ပါသည်။


### 4 အောက်ပါ စစ်ဆေးရန်စာရင်းကို အစီရင်ခံရန် ပြင်ဆင်ထားပါ

- ABN၊ သင့်အလုပ်ရှင်၏ တရားဝင်/လုပ်ငန်းအမည်
- အလုပ်စတင် လုပ်ခဲ့သည့်နေ့စွဲ
- Award သို့မဟုတ် enterprise agreement (သက်ဆိုင်မှုရှိလျှင်)
- လစာဖြတ်ပိုင်းများ၊ ပြေစာများ၊ အလုပ်စာချုပ်
- သက်ဆိုင်ရာ စာတိုများ သို့မဟုတ် အီးမေးလ်များ


**ဤဗီဇာအကာအကွယ်များကို မည်သို့ရယူရမည်ကို မသေချာဘူးလား။**

အလုပ်သမား သမဂ္ဂ၊ ဥပဒေရေးရာဌာန သို့မဟုတ် ရွှေ့ပြောင်းလာ နေထိုင်မှုဆိုင်ရာ ပံ့ပိုးကူညီပေးသည့် အဖွဲ့အစည်းထံ စုံစမ်းမေးမြန်းပါ။

### အခွင့်အရေးများ မတရားယူခံခဲ့ရခြင်း သို့မဟုတ် ချိုးဖောက်နေခြင်းများ၏ လက္ခဏာများ


ငွေလျှော့ပေးမှု


ဗီဇာစည်းကမ်းချက်များကို ချိုးဖောက်ရန် ဖိအားပေးမှု


လိင်ပိုင်းအရ အကျပ်ကိုင်မှု


သင့်ဗီဇာကို ဖျက်သိမ်းမည်ဟု ခြိမ်းခြောက်မှုများ


နေရေးထိုင်ရေး အခြေအနေများ ဆင်းရဲမှု


သင်၏ နိုင်ငံကူးလက်မှတ်ကို သိမ်းယူထားမှု